# အမုန်းလွန်အနမ်း

ကြယ်စင်သူ



## အပိုင်း(၁)

ပါးပြင်ပေါ် ကျဆင်းလာသည့် မျက်ရည် တစ်စက်ကို သူမ လက်ဖဝါး နုနု လေးဖြင့် ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်သည်။ ထို့နောက် မှန်တင်ခုံပေါ်ရှိ အလှပြင် ပစ္စည်းများကလည်း သူမ ဒေါသကြောင့် အခန်းထဲ ပြန့်ကျဲလျက် မျက်ဝန်းများက အခန်းထဲရှိ ဝတ်စုံဆီ ရောက်မိတော့ ရင်ထဲတဆစ်ဆစ် နာကျင်လာရသည်။

"အား မုန်းတယ် ငါနင့်ကို အရမ်းမုန်းတယ်"

အရုပ်တွင် ဝတ်ဆင်ထားသော နံ့သာရောင် သတို့သမီး ဝတ်စုံလေးက သူမ မာနကို ရိုက်ကျိုးနေသလိုပင်။ ထိုဝတ်စုံလေးက သူမ အရှုံးရဲ့ ပြယုဂ် ပေလား ... တွေးမိတိုင်းရင်ထဲက တဆစ်ဆစ် နာကျင်နေရ၏။

ရုတ်တရုတ် ပြန်မြင်ယောင်လာမိသည်က သူ့ရဲ့ စွဲမက်ဖွယ် ကောင်းသော အပြုံး၊ မိန်းကလေး တော်တော်များများ၏ နှလုံးသားကို ခြွေချ ပစ်နိုင် လောက်အောင် ကြွေစေသော သူ့ရဲ့ပုံရိပ် ... ထိုအရာများကို မြင်ယောင်မိ တော့ သူမ နှုတ်ခမ်းဖူးဖူးလေးကို မညှာမတာ ဖိကိုက်လိုက်မိသည်။

မုန်းတယ် … အဲဒီအပြုံး

မုန်းတယ် ... သူ့ရဲ့ ရင်ခွင်

မုန်းတယ် ... သူမကို ချစ်ပါသည်ဟု အကြိမ်ကြိမ် ရေရွတ်နေခဲ့သော သူ၏ နှလုံးသားတစ်စုံ… အားလုံးကို မုန်းမိသည်။ နောက်ဆုံး အချစ်ကို မ ယုံကြည်သော မိန်းမ တစ်ယောက်ရဲ့ အချစ် ... ရင်ထဲ၌ အမုန်းတရားများက

ခါးသီးစွာ ချင်းနင်း ဝင်ရောက်လာလေသည်။

သူမအဖြစ်ကို အကောင်းဆုံး ဖန်တီးထားသော သတို့သမီး ဝတ်စုံလေးက လှောင်ပြောင်နေပြီလား ... မိန်းကလေး တစ်ယောက်ရဲ့ စိတ်ကူးယဉ် အိပ်မက်အတိုင်း သူမရဲ့ ခမ်းနားလှသော လက်ထပ်ပွဲကြီးတွင် ချစ်ရသူ လက်ကိုတွဲကာ အပြုံးတစ်ပွင့်ဖြင့် ဘဝတစ်ခု စချင်မိသည်။ မနက်ဖြန် ဆို လျှင် အမုန်းဆုံး လူတစ်ယောက်ရဲ့ ရင်ခွင်ထဲ သူမဘဝကို ဝကွက်အပ်ရ တော့မည်။ သူမအဖြစ်က အမြဲတမ်း သူ့ကို အရှုံးပေးရခြင်းလား ... တစ်ချိန် က ဖြစ်ပေါ်ခဲ့သော အချစ်တစ်ခုက ယခုအချိန်တွင် အမုန်းအဖြစ်သို့ ပြောင်းလဲခဲ့ပြီ ဖြစ်သည်။

"အချစ်" ... စကားလုံး နှစ်လုံးတည်းနှင့် လူသားတွေကို ညှို့ယူဖမ်းစား နိုင် စေသော အရာပင် ဖြစ်သည်။ ထိန်းထားသည့် ကြားမှပင် မျက်ရည် တစ် ပေါက်က ကြွေလွင့်လာရ၏။ ဆုတောင်း တစ်ခုကိုသာ တောင်းပါဟု ဆို လျှင် "အချစ်"

ဟူသော အရာကို မုန်းနိုင်ဖို့ သူမဆုတောင်းပါမည်။ ကမ္ဘာဦးအစ၌ အာဒံ သာ ပန်းသီကို မခူးဖြစ်ခဲ့ဘူး ဆိုလျှင် ... ဧဝသာ ထိုပန်းသီးကို မစားဖြစ်ခဲ့ ဘူး ဆိုလျှင် ... "အချစ်" ဟူသော အရာသည်လည်း...

* * *

အတိတ်၏ ခြေရာ

"အလင်းဘွဲ့ မင်းအတန်းရှေ့ ထွက်ခဲ့စမ်း"

နဝမတန်း အတန်းပိုင် ဆရာမ ဒေါ်နီလာရဲ့ အသံကြောင့် တစ်တန်းလုံး ငြိမ်သက်သွားကြသည်။ အားလုံးရဲ့ အကြည့်ကလည်း အလင်းဘွဲ့ဆီသို့ တန်းတန်းမတ်မတ် "ဒီကောင် ဘာမွေထားပြန်ပြီလဲ" ဟူသောအကြည့်နှင့်။

"ပါးစပ်ထဲက ပီကေကို အခုထွေးထုတ်လိုက်"

"ပီကေ မဟုတ်ဘူး ဆရာမ lollipops တွေပါ "

"ဟားဟား ... ဟားဟား "

ရယ်သံတွေ ဆူညံသွားသည်။ အလင်းဘွဲ့ရဲ့ မျက်နှာပေးကတော့ ခပ်တည်တည်ပင်။

"အားလုံးတိတ်ကြ ငါ့ကို မလေးမစားနဲ့"

ဆရာမ ဒေါသထွက်နေသော ပုံစံကြောင့် တစ်ခန်းလုံး အပ်ကျသံပင် မကြားရတော့၊ အလင်းဘွဲ့ကတော့ အတန်းရှေ့တွင် လက်ပိုက်လျက်သား။ ဂျစ်ကန်ကန် မျက်ဝန်းလေးတွေက ဆရာမရှေ့ ဖြစ်နေ၍ ငြိမ်ကုပ်နေဟန်တူသည်။

"သား အလင်းဘွဲ့ မင်းမနေ့က နေခြည်ရဲ့ လွယ်အိတ်ထဲကို ဘာထည့်ခဲ့လဲ"

"ဖားပါ ဆရာမ"

"ဘာလို့ ဒီလို လုပ်ရတာလဲ ... သူအကြောက်လွန်ပြီး တစ်ခုခု ဖြစ်ခဲ့ရင် ဘယ်လိုလုပ်မလဲ"

"ကျွန်တော်က စတာပါ ... သူအကြောက် လွန်နေတာကို နောက် မကြောက်အောင်လို့"

ဒေါ်နီလာ သက်ပြင်းကိုသာ ချလိုက်သည်။ အလင်းဘွဲ့သည် ကျောင်းရဲ့ ဂုဏ်ထူးဆောင် ကျောင်းသားဖြစ်ပါလျက် သူ့ရဲ့ စနောက်တတ်သော ဉာဉ်လေးကြောင့် အပြစ်ဆိုစရာ ဖြစ်နေရသည်။

"မင်း ဟိုနေ့ကလဲ မောင်လွင်ရဲ့ မျက်မှန်ကို ဝှက်ထားတယ်ဆို သူမျက်မှန်မပါရင် ဘာမှ မမြင်ရဘူး ဆိုတာ မသိဘူးလား"

"ကျွန်တော် ..."

"တော်ပြီ ဆရာမ ပြောမယ် ... မင်းရဲ့ စနောက်တတ်တဲ့ အကျင့်က အပျော်သဘော ဆိုပေမဲ့ သူတို့ရဲ့ အားနည်းချက်ကို လှောင်ရယ်သလို ဖြစ်နေတဲ့ အတွက် သားရဲ့လုပ်ရပ်ဟာ မကောင်းဘူး၊ မကောင်းတဲ့အရာကို ဆက်မလုပ်ရဘူး၊ ကိုယ့်ရဲ့ အပျော်သဘော စနောက်မှုက သူတို့ စိတ်ဒဏ်ရာတွေ ပိုရသွားနိုင်တယ်၊ အဲဒါကြောင့်သား ဆင်ခြင်ရမယ်နော်၊ ဆရာမတပည့်က လိမ္မာပါတယ်၊ နောက်ဒီလို အသံမျိုး မကြားချင်ဘူးနော်"

"ဟုတ်ကဲ့ပါ ဆရာမ"

အလင်းဘွဲ့ ရဲ့ 'ဟုတ်ကဲ့' ဟူသော အသံကြားမှ သက်ပြင်းကို ခိုးချမိသူက 'ပန်းနရီ'။

"ဟင်း..."

"အမယ် နရီ ... နင်မောနေတယ်ပေါ့လေ၊ ဘာလဲ ... အလင်းဘွဲ့ကို စိုးရိမ်နေတယ် ဆိုပါတော့"

"နုငယ် ... နင်ဘယ်လို ဖြစ်နေလဲ သူများတွေ ကြားသွားဦးမယ်၊ ငါနဲ့ အလင်းက သူငယ်ချင်းတွေပါဆို"

"ဟာဟ ... ပြောတာပဲ သူငယ်ချင်းတဲ့"

"နင်နော်"

ပန်းနရီ နှုတ်ခမ်းလေးကိုက်ကာ မျက်စောင်းတစ်ချက် ဝင့်လိုက်ရင်း ဆိုမိတော့ နုငယ် တစ်ယောက် တဟားဟား အော်ရယ်တော့သည်။

"ဟားဟား ... နရီရယ် ရုပ်ကြီးက စိတ်ဆိုးဟန် ပြနေတယ်၊ နင့်စိတ်ကို ငါ မသိရင် ခက်မယ်နော်၊ ဘာတဲ့ ... သီချင်းတောင် ရှိသေးတယ်လေ 'သူငယ်ချင်းလေးပါပဲ သူငယ်ချင်းလေးပဲ တဲ့ကွယ်'

"နုငယ် တိုးတိုးဟ ... ဆရာမ စိတ်ကြည်တာ မဟုတ်ဘူးနော်၊ နင်ပါ

ကြိမ်လုံးစာ မိသွားမယ် ဟွန်း"

"အေးပါ ငါသိပါတယ် ... အဲဒီ အလင်းဘွဲ့ဟာလေ ရုပ်လေးနဲ့မှမလိုက် အရမ်း အစအနောက် သန်တာပဲ ..."

"နင်ကလည်း အလင်းက တကယ်တော့ စိတ်ရင်း ကောင်းပါတယ်၊ စတာက သူ့အကျင့် ပါနေတာပါ "

"အမလေး ... တော်ပါပြီ နရီရယ်၊ အလင်းဘွဲ့ရဲ့ ဘက်တော်သား ရှေ့မှာမှ အတင်း ပြောမိသလို ဖြစ်နေပြီ ငါမှားတာပါ"

နရီ့ရဲ့ သူငယ်ချင်းနုငယ် ငြိမ်သက်သွားတော့မှ နရီခိုးပြုံးမိသည်။ မျက်ဝန်းများက အခန်း ပြတင်းပေါက်နားသို့ တစ်ချက် ရောက်မိသွားတော့ ရင်ခုန်ခြင်းများက ဝင်ရောက် လာပြန်သည်။

'အလင်းဘွဲ့' ဟူသော ကောင်လေးကတော့ ဘာကိုမှ ဂရုမစိုက်ဘဲ ခပ်တည်တည်ပင်။ ငေးကြည့်နေချင်စရာ ကောင်းလောက်အောင် ချောမောနေသော ကောင်လေး တစ်ယောက်က အစနောက် သန်သည်မှာ ယုံနိုင်စရာတော့ မရှိ။ နရီကြည့်နေမိစဉ် အလင်းနှင့် မျက်လုံးချင်း ဆုံလေသည်။ မျက်ဝန်းချင်း ဆုံလေတိုင်း နရီ့ရင်ထဲ လှိုင်းလေးတစ်ချက် စီးဆင်းသွားသည်။ ဤအရာသည် အများသူငါ သတ်မှတ်ထားကြသလို ရင်ခုန်ခြင်းပေလား ... အတွေးနဲ့ပင် ရှက်ရွံ့ခြင်းတို့ ဝင်ရောက်လာရ၏။

ငယ်ငယ်ကတည်းက အတူကြီးပြင်းလာသော သူငယ်ချင်း တစ်ယောက်ကို ပထမဦးဆုံး ရင်ခုန်သံအဖြစ် ဘယ်အချိန်ထဲကပင် စတင် သတ်မှတ်မိလဲ မသိတော့။

နရီ အတွေးများနေစဉ် အလင်းက ဟဲခနဲ တစ်ချက်ပြုံးပြကာ လျှာထုတ်ပြလေသည်။ ထိုအခါမှ နရီ အသိဝင်လာရင်း မျက်နှာကိုလွှဲကာ ကျိတ်ပြုံး

မိသည်။

"ဟွန်း ... ကောင်စုတ် ငါ့ကို လာဖားနေတယ်ပေါ့လေ၊ မရပါဘူးနော် ၊ အန်တီမေ မေးရင် ငါက အမှန်တိုင်း ပြောလိုက်မှာ"

ကိုယ့်အတွေးနဲ့ ပြောမိပေမဲ့ အလင်းဘွဲ့အတွက် ပန်းနရီဆိုသော ကောင်မလေးက အမြဲတမ်း ရပ်တည်ပေးခဲ့သည်သာ။ အစနောက် သန်သော အလင်းအတွက် နရီသည် သူ့ရဲ့ပင်တိုင် အစခံရာ အရုပ်လေး တစ်ရုပ် ဖြစ်မှန်းမသိ ဖြစ်နေခဲ့လေသည်။

* * *

"ဟယ် ... ဒီမှာဟန်နီ နင့်ခုံပေါ်က ဘာလေးလဲ"

"ဟင်"

လက်မြန်ခြေမြန် ရှိလှသော ဖြူဖြူက စာရွက်ခေါက်လေးကို ဖွင့်အကြည့် ရယ်ချင်ပက်ကျိ မျက်နှာဖြင့် ဟန်နီ့ကို ဖျတ်ခနဲ လှည့်ကြည့်ကာ...

"ဟန်နီ နင်တော့ အလင်းဘွဲ့ လက်ချက်မိပြီ "

"ဘာ"

'အလင်းဘွဲ့' ဟူသော အမည်နာမ တစ်ခုကြောင့် မျက်ဝန်းထဲမှ ထိတ်လန့်မှုများ အတိုင်းသားနှင့်။

စာရွက်ခေါက်လေးကို မဝံ့မရဲ ဖွင့်အကြည့် ...

"တောက် အလင်းဘွဲ့ ကောင်စုတ်"

ဟန်နီ စက္ကူလေးကို ဆုတ်ခြေလိုက်မိသည်။ ကြည့်စမ်းပါဦး...

သူမ ဒေါသမထွက်ဘဲ နေမလား၊ အလင်းကသူမ ဓာတ်ပုံကို ရုပ်ပြောင်ဆွဲထားတာ ဖြစ်သည်။ မျက်လုံး အနည်းငယ် ပြူးသော သူမပုံကို ဆွဲထားလိုက်သည်မှာ ရစရာပင် မရှိတော့။ တချို့ကတော့ ဟန်နီ့ကို မျက်လုံးဝိုင်း

သည်ဟု ချီးကျူးကြပေမဲ့ အလင်းဘွဲ့ လက်ထက်ရောက်မှ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေမှန်း မသိတော့။ အခန်းထဲမှ တချို့တလေ အလင်းဘွဲ့ရဲ့ ဒဏ်ကိုခံရစမြဲ။

တစ်ခါကလည်း သွားအနည်းငယ် ခေါသော မို့မို့ပုံကို ဆွဲထားသည်မှာ အသည်းငယ် တတ်သော မို့မို့တစ်ယောက် ထိုင်တောင် ငိုယူရသည်အထိဖြစ်၏။ အလင်းဘွဲ့ရဲ့ ရာဇဝင်က ထိုသို့ ဩချယူရလောက်သည်။ ငယ်ရွယ်ပေမဲ့ ရုပ်ရည်က အများသူငါထက် ထူးခြားစွာ ချောမောနေသော အလင်းဘွဲ့သည့် ဘာကြောင့် ဒီလို သူတစ်ပါးကို စနောက်သည့် အကျင့်ပါလာသလဲ တကယ်ကို နားမလည်တော့ပါ။

"အလင်းဘွဲ့ ... နင်ဒါဘာလုပ်တာလဲ"

အခန်းထဲသို့ ခပ်တည်တည် မျက်နှာပေးနှင့် ဝင်လာသော အလင်းဘွဲ့ကြောင့် အတင်းကာရော မေးမိလေသည်။

"ဘာလဲ"

ထူ၍ မည်းနက်သော မျက်ခုံးများကို တစ်ချက်တွန့်ရင်း သူဆိုတော့ အလင်း၏ မျက်နှာချောချောကို ငေးခနဲ ဖြစ်သွားရသည်။ ဒီစတိုင်မျိုးကပဲ မိန်းကလေးတိုင်း၏ အသည်းကို နှုတ်ယူနေသည်လား မသိ။ ကျောင်းမှ မိန်းကလေး တော်တော်များများ၏ နှုတ်တွင် 'အလင်းဘွဲ့' ဟူသော အမည်နာမကို မကြားချင်မှအဆုံးပင်။ ခေတ်ပုံစံအရ ဆံပင်ကို အကြေကောက်ကောက်ထားပုံမှာ တခြားသူဆို လိုက်မလိုက် မသေချာပေမဲ့ အလင်းဘွဲ့နှင့်တော့ အလွန် လိုက်ဖက် ကြည့်ကောင်းနေသည်။

"ဟဲ့ ... ဟန်နီ မတ်တတ်ကြီး မေ့သွားတာလား"

"ဟင်"

အတွေးများ ပျံ့လွင့်နေ၍ ဘေးမှ သူငယ်ချင်းပြောမှသာ ဟန်နီ အသိဝင်လာရသည်။ အလင်းဘွဲ့ထံမှ ပြုံးတုံ့တုံ့ အမူအရာကြောင့် ရှက်ကာ တစ်ကိုယ်လုံးပင် ထူပူနေတော့၏။

"အဟမ်း ... ဒီမှာ ဒီပုံက ဘာလဲ"

"အဟက် ... နင်မမြင်ဘူးလား နင့်ပုံဆွဲထားတာလေ၊ ဘယ်လိုလဲ တူရဲ့လား"

"အလင်း ... နင် နင် ကြည့်စမ်းပါဦး ငါ့ပုံကို ဆွဲထားလိုက်တာများ"

"လှပါတယ် "

"နင်နော်"

ဟန်နီ ဆွေ့ဆွေ့ခုန်နေပုံကို ဘေးမှ အလင်းဘွဲ့ရဲ့ သူငယ်ချင်း တစ်သိုက်က ရယ်နေသေးသည်။ ဒီကောင်တွေလည်း ဘာထူးလို့လဲ၊ အလင်းဘွဲ့လို အစအနောက် သန်သူများပင်။

"ငါ နင်တို့ကို ဆရာမနဲ့ တိုင်ပြောမယ် "

"ဟားဟား ... တိုင်လေ နောက်လကျရင် ရုပ်ပြောင် ပန်းချီပြိုင်ပွဲ ရှိတယ်၊ အဲဒါကို လေ့ကျင့်နေတာ ... အဲဒီတော့ no problem ပဲ"

"အေးလေ ... အလင်းက နင့်ပုံကို ဒီလောက်တူအောင် ဆွဲပေးထားတာ ဂုဏ်ယူလိုက်စမ်းပါ"

"ဘာ.. "

"ဟား ဟား ..."

အလင်းရဲ့သူငယ်ချင်းတွေကလည်း တစ်ယောက် တစ်ပေါက် ဆိုကြ၏။

သူတို့အုပ်စု စည်းလုံးကြသည်မှာလည်း အံ့ဩစရာ ဖြစ်သည်။ အလင်းဘွဲ့က ရှေ့မှ ဦးဆောင်လျှင် ကျန်သူငယ်ချင်းများက နောက်မှ လိုက်ရန်အသင့်။

သူတို့ အုပ်စုထဲမှ တစ်ယောက်ယောက်အား ရန်စမိလေလျှင် တစ်အုပ်စုလုံး၏ ရန်သူ ဖြစ်တော့မည်။

"ဘာဖြစ်နေကြတာလဲ "

သူတို့ စကားဝိုင်းထဲ ဝင်လာသူက ပန်းနရီ။

နရီ အလင်းတို့ အုပ်စုကို မြင်လိုက်သည်နှင့် ချက်ချင်း သိလိုက်သည်။ အလင်းတစ်ယောက် ဘာပြဿနာ ရှာပြန်ပြီလဲ။

"ဒီမှာ နရီ သူလုပ်ပုံ ကောင်းသေးရဲ့လား"

ဟန်နီ၏ ဖြေရှင်းချက် ကြားပြီလေလျှင် နရီသည် စိတ်ညစ်သွားရသည်။

"အလင်း ... နင်ဟာလေ ငါဘယ်လောက် ပြောပြော မမှတ်ဘူး... သူများကို မစပါနဲ့ ဆိုတာကို၊ ငါ့စကားဆို နင်ဘယ်တော့မှ နားမထောင်ဘူး ဟင့်"

"ဟာ ... နရီ"

ရတ်တရတ် ရှိုက်သံတစ်ချက် ပေါ်ထွက်လာသောကြောင့် အားလုံး အံ့သြသွားကြသည်။

"သူ့အစား ငါတောင်းပန်ပါတယ်ဟာ နနီရယ် ... အလင်းကို ဆရာမနဲ့တော့ မတိုင်ပါနဲ့နော်၊ နောက်တစ်ခါ မလုပ်စေရပါဘူး "

အလင်းဘွဲ့ဘေးမှ အမြဲ ရပ်တည်ပေးတတ်သော နရီ့ကြောင့် ပြဿနာအဆုံးသတ် သွားရပေမဲ့ အလင်းကတော့ အခုမှ ခေါင်းမီးတောက် နေရသည်။ နရီသာ စိတ်ဆိုးပြီး မေမေနှင့် တိုင်လိုက်လျှင် သူတော့သွားပြီ။ အဆိုးဆုံး အခြေအနေ မုန့်ဖိုးဖြတ်သည်အထိ ဖြစ်သွားနိုင်၏။ ငယ်စဉ်ထဲက ခြံချင်းကပ်ရပ် ဖြစ်သော နရီ့ကို မေမေသည် သူ့ထက် ယုံကြည်သည်က သေချာသည်။ 'သမီးလေး' ဟူသည်က ပါးစပ်ဖျားက မချတတ်။

"နရီ ... စိတ်မဆိုးပါနဲ့နော် နင်က လိမ္မာပါတယ် အဲဒါကြောင့် မေမေနဲ့ မ

တိုင်နဲ့"

"မသိဘူး တိုင်မှာပဲ ... အန်တီမေတင် မဟုတ်ဘူး အန်ကယ်နဲ့ပါ တိုင်မှာ"

"ပန်းနရီ"

"ဘာလဲ နင်ငါ့ကို အော်တယ်ပေါ့လေ"

"ဟဲ ... မဟုတ်ပါဘူးဟာ ငါ့မှာ ငယ်သူငယ်ချင်းဆိုလို့ နင်တစ်ယောက်ပဲ ရှိတာ၊ အော်စရာလား"

မျက်နှာချိုသွေးနေသော အလင်းကြောင့် စိတ်ဆိုးနေသော စိတ်လေးပင် သူ့မျက်နှာ ချောချောကို ကြည့်ကာ မေ့သွားရလေသည်။

"မတိုင်စေချင်ရင် နင်ငါ့စကားကို နားထောင်"

"အဟွန်း ... ဝါသနာမပါဘူး နင့်သဘောပဲ အဲဒီလောက် ချွန်ချင်ရင်လည်း ချွန်ပေါ့"

"ဟဲ့...နေဦးလေ"

ပြောစကားပင် နားမထောင်ဘဲ ထွက်သွားလေသည်။ နရီ သူသွားရာလမ်းကို ကြည့်ကာ သက်ပြင်းသာ ချမိတော့သည်။

"ဟင်း ... အလင်းရယ် နင်ငါ့စိတ်ကို နည်းနည်းလေးဖြစ်ဖြစ် နားလည်ရင် သိပ်ကောင်းမှာပဲ"

ဤသို့သော အလင်းဘွဲ့ပင်။ ပြောချင်ရာပြောပြီး ကျန်ခဲ့သူကို လှည့်ပင်မကြည့်။ နောက်ဆုံးတော့ နရီသာ အရှုံးပေးဖို့ ဖြစ်လာရသည်။ နင်ဆက်ပြီး အနိုင်ယူပါ အလင်းရယ်။

* * *

"ဟိတ်ကောင် အလင်း"

"What"

နေ့လယ် မုန့်စားဆင်းချိန်တွင် အလင်းဘွဲ့ ဆွဲလက်စ ပန်းချီကိုသာ အာရုံစိုက်နေမိသည်။ ကျောင်းဈေးတန်းကိုပင် မသွားမိ။ အလင်းဘွဲ့ ဆိုသည်မှာလည်း သူစိတ်ဝင်စားသော အရာကို လုပ်နေရလျှင် အရာအားလုံးကို မေ့နေတတ်သူ ဖြစ်၏။ ယခုလည်း သူ့ရဲ့သူငယ်ချင်း မင်းဝံ ခေါ်သံကြောင့် သူဖြေလိုက်ရပေမဲ့ စိတ်အာရုံတို့က ဆွဲလက်စ ပန်းချီကား ပေါ်တွင်သာ ရှိနေသည်။

"အလင်း မင်းဘာတွေ ဆွဲနေတာလဲ"

"ရုပ်ပြောင်ပုံ"

"ဘယ်လို ... ဟားဟား၊ ဒီတစ်ခါ အလင်းရဲ့ ဒဏ်ကို ဘယ်သူခံရဦးမလဲ စောင့်ကြည့်ရဦးမယ်"

"ဟားဟား "

မင်းဝံကစ၍ ရယ်တော့ သူတို့ အုပ်စုထဲမှ အားလုံး တဟားဟား ထရယ်ကြတော့သည်။ သူကတော့ ပန်းချီလေးအား လက်စသတ်ရင်း ပြုံးရုံသာ ပြုံးမိ၏။ စနောက်တတ်သော အကျင့်သည် မကောင်းမှန်း သိပေမဲ့ အခုအချိန်ထိ သူမစွန့်လွှတ်မိပါ။ အခုအချိန်မှာ ဒီလို အမှတ်တမဲ့များက နောင်တစ်ချိန် အမှတ်တရများ ဖြစ်လာနိုင်သည်လေ။ ကျောင်းသားဘဝမှာ စရင်းနောက်ရင်း သူပျော်ပျော်နေမည်။ အလင်းဘွဲ့ ရုပ်ပြောင်ပန်းချီကို လက်စသတ်ပြီးသည်နှင့် ကျောင်းတက် ခေါင်းလောင်း ထိုးတော့သည်။

"ဟာ ... ကျောင်းတောင်တက်နေပြီ"

"အလင်း"

"ဟင်"

ကျောင်းတက်တက်ချင်း ခေါင်းသံကြောင့် လှမ်းကြည့်လိုက်တော့ နရီ ...

"ရော့ ... အလင်း နင်စားဖို့"

ချောကလက်တောင့်လေး ကိုင်ကာ လှမ်းပေးနေသော နရီ့ကြောင့် ဘေးမှ ဟိုကောင်တွေ ကလည်း ပြုံးစိစိနှင့်။

"သြော် ... အေး ကျေးဇူး နရီ၊ ငါလည်း ပန်းချီထဲ စျာန်ဝင်နေတာနဲ့ မုန့်ဈေးတန်းဘက် မသွားဖြစ်ဘူး"

"နရီ နင်က တော်တော် မျက်နှာလိုက်တာပဲနော်၊ အလင်း တစ်ယောက်တည်း ပါးစပ်ပါတာ မဟုတ်ပါဘူးဟ၊ ငါတို့လည်း လူတွေပါ"

မင်းဝံ ဦးဆောင်၍ တစ်ယောက်တစ်ပေါက် ဆိုကြတော့ နရီ့ မျက်နှာလေး နီရဲနေ၏။

"နင်တို့နော်"

"ဟိတ်ကောင်တွေ ... မင်းတို့ နောက်တာ တော်လောက်ပြီ၊ စားချင်ရင် ဒီဟာစားလိုက်"

လက်ထဲက ချောကလက်ကို ပစ်ပေးလိုက်တော့ ဝိုင်းလုနေကြသည်။

နရီကတော့ နှုတ်ခမ်းစူကာ တစ်ဖက် လှည့်သွား၏။

"ဆရာမ လာပြီ"

အတန်းခေါင်းဆောင်ရဲ့ အော်သံကြောင့် တစ်တန်းလုံး သူတို့ မဟုတ်သည့် အတိုင်းပင် ငြိမ်ချက်သား ကောင်းသွားကြသည်။

အားလုံး ကိုယ့်နေရာ ကိုယ်ထိုင်ကာ စာအုပ်ကိုလည်း အသင့် ထုတ်ထားကြ၏။

"ကဲ ... အားလုံးပဲ မင်္ဂလာပါနော်၊ သြော် ... သမီးဝင်ခဲ့လေ"

ဆရာမကို နှုတ်ဆက်ရန် ပြင်နေသည့် သူတို့ ဆရာမရဲ့ နောက်ဆက်တွဲစကားကြောင့် စိတ်ဝင်စားသွားကြလေသည်။

"သမီးလာပါ ... ဘာမှ ကြောက်စရာ မလိုဘူး "

ဆရာမ စကားအဆုံး၌ အခန်းထဲသို့ တစ်လှမ်းချင်း ဝင်လာသော ကောင်မလေး တစ်ယောက်။ သူမက ခေါင်းကိုငုံ့ကာ မဝံ့မရဲ လျှောက်လှမ်းလာသည်။ ထိုကောင်မလေးကို မြင်သည်နှင့် သူတို့အားလုံး အံ့သြကာ တစ်ခဏတော့ မှင်တက်သွားကြသည်။

"ဒုန်း ... အမေ့"

အသံနှစ်ခုက ဆက်တိုက် ထွက်ပေါ်လာသည်။ အကြောင်းမှာ ထိုကောင်မလေး ခြေလှမ်းများကာ စာရေးစားပွဲနှင့် ဝင်ဆောင့် မိသောကြောင့်ပင်။

"အဟက် ... ဟား"

တိတ်ဆိတ်နေသော အခန်းထဲ၌ ရယ်သံတစ်ချက် ပေါ်ထွက်လာသည်။ အသံပိုင်ရှင်မှာ နာမည် မေးစရာမလို 'အလင်းဘွဲ့' ပင်။ ဆရာမက မျက်ထောင့်နီကြီးဖြင့် အလင်းအား လှမ်းကြည့်သည်။ ဘေးမှ မင်းဝံက လည်း လက်တို့ကာ သတိပေးနေ၏။ အလင်းဘွဲ့ကတော့ ဆရာမ မမြင်အောင် ပခုံးတစ်ချက်သာ တွန့်လိုက်မိရင်း...

ရယ်ချင်သော စိတ်ကို တားဆီးလို့မှ မရနိုင်ပဲ။ အတန်းရှေ့မှ ကောင်မလေးကတော့ ခေါင်းလေးငုံ့ကာ မျက်လွှာ အသာချထားသည်။

"အလင်း ... အဲဒီ ကောင်မလေးကို ကြည့်စမ်း၊ ရုပ်ကလေးက လှချင်ရက်နဲ့ ဝလိုက်တာ လွန်ရောကွာ "

ဘေးတစ်ဖက်မှ သီဟစကားကြောင့် အလင်းရဲ့ မျက်ဝန်းများက သူမထံ

နောက်တစ်ကြိမ် ရောက်သွားသည်။ သီဟ ပြောသော စကားမှာ မှန်သည်။ ထိုကောင်မလေးမှာ အသက်အရွယ်နဲ့ပင် မလိုက်အောင် ဝနေသည်လေ။

"အားလုံးပဲ ဒါဆရာမတို့ အတန်းကို အသစ်ရောက်လာတဲ့ ကျောင်းသူ အသစ်၊ ကဲ... သမီး ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်လိုက်ပါဦး"

"ဟုတ်"

ငုံ့ထားသော ခေါင်းလေးအမော့ သူမ မျက်နှာဖောင်းဖောင်း ကစ်ကစ်လေး ပေါ်ထွက်လာသည်။

"ဟင်"

အလင်းဘွဲ့ တစ်ယောက် မှင်တက်မိသည်မှာ ထိုကောင်မလေးထံမှ အကြည့်ကြောင့်ပင် ဖြစ်သည်။ ဝိုင်းစက် ကြည်လင်နေသော မျက်ဝန်းလေး တွေ၌ အားငယ်ခြင်း အရိပ်အယောင်များကို သူတွေ့လိုက်ရသည်။ သူစိတ် ထင့် နေလို့ပဲလား ...

သူမ မျက်ဝန်း၌ မျက်ရည်စ တချို့ ရှိနေ၏။ သို့သော် သူတွေးနေမိသည်က သူမဘာကြောင့် ဒီလောက် ဝရသလဲဟု...

ထိုအချိန်က မိန်းကလေး တစ်ယောက်နှင့် ပတ်သတ်၍ ပထမဆုံးအကြိမ် ဝေဖန်မိခြင်းဟု ဆိုရလျှင်...

* * *